# Highlights from DVB Debate’s State and Private Media Reform Show

## January 21, 2017

## “How are State-owned Media Reforming?”

“ပုံနှိပ်မီဒီယာမှာဆို စာအုပ်ပွဲတော်တွေ ကျင်းပလာတာ၊ ရန်ကုန်စာအုပ်လမ်းတွေပေါ်လာတာ တိုးတက်မှုလေးတွေ ရှိပါတယ် ပုံနှိပ်ထုတ်ဝေသူတွေရဲ့ ကဏ္ဍလည်း အများကြီးတိုးတက်လာပါတယ်။ နိုင်ငံရေးစာပေတွေဆိုရင်လည်း တိုးတက်ထုတ်ဝေလာနိုင်တာ တွေ့ရတယ်လေ။ အသံလွှင့်မီဒီယာအသိုင်းအဝိုင်း တိုးတက်ဖို့ကတော့ အများကြီး အားထုတ်ရဦးမယ်”

ဦးတင့်ဆွေ - အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန

---

“အစိုးရမီဒီယာတွေဟာ ဝါဒဖြန့်ချိရေးယန္တရားအဖြစ်ဆက်ရှိနေတယ် အရင်အစိုးရလက်ထက်မှာ ဝေဖန်တာတွေခံရတာ အခုက ဝေဖန်မခံရဘူး ဒါက အစိုးရပိုင်းပေါ့.. ပုဂ္ဂလိကမီဒီယာတွေမှာလည်း တိုးတက်ချင်ပေမယ့် မတိုးတက်နိုင်ဘူး. မီဒီယာဥပဒေကိစ္စတွေ ၆၆(ဃ)လို ပုဒ်မတွေကို မီဒီယာတွေ ကြောက်လန့်နေရတယ်”

ဦးနေထွန်းနိုင် - အမှုဆောင်အယ်ဒီတာ၊ အဲလဗင်းမီဒီယာဂရုပ်

---

“လူပြိန်းကြိုက်တွေရေးသားတာ၊ အညှီအဟောက်သတင်းတွေပဲ ရေးသားတာမျိုးတွေလည်း ရှိနေမှာပဲ ခေတ်အဆက်ဆက်ကလည်းရှိခဲ့တာပဲ ဒါတွေကြောင့်မို့လို့ မီဒီယာကြီးတခုလုံးကို အဲဒီပုံရိပ်တွေနဲ့ သိမ်းကျုံးပြောလို့မရဘူး။ သတင်းသမားတွေမှာ ကျွမ်းကျင်မှုအပိုင်းတွေမှာ လိုအပ်နေတာမှန်တယ် ကျွမ်းကျင်မှုလိုနေတာနဲ့ပဲ လွတ်လပ်ခွင့်မပေးတာဟာ မမျှတဘူး”

ဦးမြင့်ကျော် - အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဂျာနယ်လစ်များကွန်ရက်

---

“ဆင်ဆာမရှိတော့ဘူးဆိုတာက အပေါ်ယံမျက်နှာပြင်ပဲမရှိတော့တာ ရုပ်ရှင်စီမံသုံးသပ်ရေးအဖွဲ့တွေက အစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတုန်း”

ဒေါ်မွန်မွန်မြတ် - ဆောင်းပါးရှင်

“ရုပ်ရှင်ဆင်ဆာကတော့ ရှိနေမှာပဲဗျ။ ရုပ်ရှင်မှာက ၁၉၆၄ ရုပ်ရှင်ဥပဒေမှာ အခြေခံထားတာလေ အဲဥပဒေလည်း ရှိတုန်းပဲ။ ရုပ်ရှင်အဆင့်အတန်းသတ်မှတ်တဲ့ ဘုတ်ကတော့ မှန်ပါတယ်၊ လွတ်လပ်မှုမရှိဘူး။ ဒီဘုတ်အဖွဲ့ကို ပြန်ကြားရေးကပဲ ကိုင်တွယ်တာတော့ မဟုတ်ဘူး အစည်းအရုံးကလူတွေလည်းပါတယ် အစိုးရက ဝင်စွက်တာနည်းပါတယ်။ စာပေပိုင်းမှာတော့ အလုံးစုံလွတ်လပ်ခွင့် ပေးထားပါတယ်”

ဦးတင့်ဆွေ - အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန

"ကိုယ့်ဘာသာ ဆင်ဆာလုပ်ပြီး ရေးသားလာရတာ ဒီအစိုးရလက်ထက်မှာ ပိုကြီးလာတယ်။ အစိုးရသစ်က ပုဂ္ဂလိကမီဒီယာတွေကို အားမပေးဘူး"

ဦးနေထွန်းနိုင် - အမှုဆောင်အယ်ဒီတာ၊ အဲလဗင်းမီဒီယာဂရုပ်

"ပြန်ကြားရေးဝန်ကြီးက အရင်တုန်းကတည်း ရှိခဲ့တဲ့ ဂါဒဖြန့်မီဒီယာဆိုတာထက် မပိုဘူး။ အဲဒီက ဝန်ထမ်းတွေကိုလည်း အရည်အသွေးမြှင့်တင်ရမယ် reform လုပ်မှရမယ်"

ဒေါ်မွန်မွန်မြတ် - ဆောင်းပါးရှင်

"အစိုးရပိုင်သတင်းစာတွေမှာ ၃၀ ရာနှုန်းထက် ပိုပြီး ကြော်ငြာမယူဘူးပြောတယ် တကယ်က ၃၀ ရာနှုန်းထက်ကျော်လက်ခံနေတယ်လေ။ ဒါမျိုးကျ ဘယ်သူက စောင့်ကြည့်နေလဲပေါ့"

ဦးနေထွန်းနိုင် - အမှုဆောင်အယ်ဒီတာ၊ အဲလဗင်းမီဒီယာဂရုပ်

"တိုင်းရင်းသား မီဒီယာတွေဟာ အစိုးရပိုင်မီဒီယာတွေရဲ့ ဦးစားပေးမှုလည်း မခံရဘူး ပုဂ္ဂလိကပိုင်မီဒီယာတွေနဲ့ ယှဉ်ရင်လည်း တိုင်းရင်းသားမီဒီယာတွေဟာ နေရာ မရဘူးဗျ။ တိုင်းရင်းသားဒေသက အသံမဲ့သူတွေရဲ့ အသံကိုထုတ်ဖော်ရေးသားရမယ့် တိုင်းရင်းသားမီဒီယာသမားတွေဟာ ထုတ်ဖော်ရေးသားခွင့်မရနေဘူး"

ဦးဇင်လင်း - နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ (BNI)

"ပန်မြန်မာအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန မလိုအပ်ဘူးလို့ အရင်ကလည်း ပြောခဲ့ပါတယ် အခုလည်း မလိုအပ်ဘူးလို့ပဲ ပြောပါတယ်။ လွတ်လပ်စွာဖော်ထုတ်ခွင့်ရရှိတဲ့ တိုင်းပြည်ဖြစ်ဖို့ဆိုရင် လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ကို အဟန့်အတားဖြစ်မယ့် အနေအထား မရှိဖို့ အရေးကြီးပါတယ်"

ဦးဟန်ဇော် - အတွင်းရေးမှူး၊ PEN မြန်မာ